E.N.C. Ethnic Nationalities Council (Union of Burma)
တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)

P. O. Box - 49, Chiang Mai University, Chiang Mai, 50202, THAILAND
Email: <office@encburma.org>, http:// www.encburma.org

---

# တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)
# ဒုတိယသက်တမ်း စတုတ္ထအကြိမ်မြောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ
# သုံးလပတ်ပုံမှန် အစည်းအဝေးထုတ်ပြန်ကြေငြာချက်

သက္ကရာဇ် ၂၀၀၉ ခုနှစ် ဇွန်လ (၁၂) ရက်

တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) ဒုတိယသက်တမ်း စတုတ္ထအကြိမ်မြောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ သုံးလပတ်ပုံမှန်အစည်းအဝေးကို သက္ကရာဇ် ၂၀၀၉ ခု ဇွန်လ (၈) ရက်နေ့မှ (၁၂) ရက်နေ့အထိ (၅) ရက်တိုင်တိုင် ထိုင်း–မြန်မာ နယ်စပ်တနေရာ၌ ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် တိုင်းရင်းသားလူမျိုးများ၏ အရေးအရာများအပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံတနိုင်ငံလုံးနှင့် သက်ဆိုင်သည့် အရေးကိစ္စများကိုပါ ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီး လိုအပ်သော ဆုံးဖြတ်ချက်များ၊ သဘောထားများကို ချမှတ်နိုင်ခဲ့သည်။

ထို့ကဲ့သို့ ညှိနှိုင်းတိုင်ပင်ပြီး လက်ရှိမြန်မာ့နိုင်ငံရေးနှင့်ပတ်သက်ပြီး အောက်ပါအတိုင်း သုံးသပ်သဘောထားချမှတ်ခဲ့သည်။

(၁) နအဖစစ်အစိုးရမှ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးအမှုဆင်၊ တရားစွဲပြီး၊ မတရားအပြစ်ပေးရန် ကြံစည်နေခြင်းသည် လုပ်ကြံမှုသက်သက်သာဖြစ်သည်။

(၂) အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးအရဆွေးနွေးခြင်း၊ နိုင်ငံရေးအရသဘောတူညီချက်များ ရယူခြင်းမရှိဘဲ နယ်ခြားစောင့်တပ်များအဖြစ် အသွင်ပြောင်းရန် ဖန်တီးလုပ်ဆောင်နေခြင်းသည် အဆိုပါအပစ်အခတ်ရပ်စဲထားသော အဖွဲ့အစည်းများ၏ နိုင်ငံရေးတွင် အရေးပါမှုအခန်းကဏ္ဍနှင့် တပ်ဖွဲ့တည်ရှိမှု ပျောက်ပျက်သွားစေရန် လုပ်ဆောင်နေခြင်းဖြစ်သည်။

(၃) ကေအဲန်ယူအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ နယ်မြေများအတွင်း နအဖစစ်တပ်များက ထိုးစစ်ဆင်တိုက်ခိုက်နေခြင်းသည်၄င်း၊ အတင်းအဓမ္မတပ်သားစုဆောင်းခြင်း၊ ကလေးသူငယ်များကို စစ်သားအဖြစ်စုဆောင်းခြင်းအပါအဝင် လူ့အခွင့်အရေးများကို နေ့စဉ်နှင့်အမျှ ချိုးဖောက်နေခြင်းသည်၄င်း၊ ထောင်ပေါင်းများစွာသော အပြစ်မဲ့ဒေသခံပြည်သူများကို စစ်ပြေးဒုက္ခသည်များအဖြစ်သို့ သက်ရောက်စေခြင်းအားဖြင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် ဒေသအတွင်းတည်ငြိမ်ရေးကိုပါ ထိခိုက်လာနေခြင်းဖြစ်သည့်အပြင် နအဖ၏ ငြိမ်းချမ်းရေးကမ်းလှမ်းခြင်းသည်လည်း ဟန်ပြသက်သက်သာဖြစ်ကြောင်း ထင်ရှားစေသည်။

(၄) နအဖစစ်အစိုးရ၏ အတုအယောင်အမျိုးသားညီလာခံက ရေးဆွဲပြဌာန်းလိုက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို မတရားသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတင်းအဓမ္မအတည်ပြုပြီး ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲပြုလုပ်ရန် ကြေညာခြင်းသည် တိုင်းပြည်၏ လက်ရှိအထွေထွေအကြပ်အတည်းပြဿနာများအား ဖြေရှင်းနိုင်မည့်နည်းလမ်းမှန်မဟုတ်ဘဲ၊ စစ်အာဏာရှင်စနစ်တရားဝင်တည်တံ့ခိုင်မြဲရေးကို လုပ်ဆောင်နေခြင်းသာ ဖြစ်သည်။

ထို့ကြောင့် နအဖစစ်အစိုးရအနေဖြင့် အထက်ပါကျူးလွန်နေမှုများကို အမြန်ဆုံးရပ်တန့်ပြီး လက်ရှိနိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းနိုင်မည့် တခုတည်းသော နည်းလမ်းဖြစ်သည့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲကို အမြန်ဆုံးပြုလုပ်ပေးရန် တောင်းဆိုလိုက်သည်။

ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရများနှင့် အဖွဲ့အစည်းများအနေဖြင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် အလေးအနက် တောင်းဆိုအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)**


Contact Persons:

**Duwa Mahkaw Hkun Sa**
General Secretary
+66 (0) 84 3664 238

**Dr. Sui Khar**
Joint-General Secretary – 2
+66 (0) 89 4343 156